အကြောင်းအကျိုး သိမြင်ရခြင်း (၅) နည်း (ဝိသုဒ္ဓိမဂ်၊ ၂၊ ၂၃၃)

ရုပ်၏ မူလအကြောင်း၊ အထောက်အပံ့အကြောင်း

ပထမနည်း။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ အကြောင်းတရားလေးပါးတို့ကြောင့်
ပဋိသန္ဓေမှစ၍ ရုပ်တရားတွေ မပြတ်ဖြစ်ပေါ်နေ၏။ (မူလအကြောင်း)
အာဟာရကြောင့် ကံရုပ်အစဉ်ကို တည်တန့်နေ၏ (အာဟာရဇရုပ်
တွေမပြတ်ဖြစ်နေ၏)
စိတ်ကြောင့် ထိုင်ရုပ်၊ ထရုပ်တွေဖြစ်နေ၏ (စိတ္တဇရုပ်တွေ မပြတ်ဖြစ်နေ၏)
ဥတုကြောင့် အပူရုပ်၊ အအေးရုပ်တွေဖြစ်နေ၏ (ဥတုဇရုပ်တွေဖြစ်နေ၏)
(ကျန်သုံးပါးသည် အထောက်အပံ့အကြောင်း)

နာမ်၏ မူလအကြောင်း၊ အထောက်အပံ့အကြောင်း

* မျက်စိနှင့် အဆင်းအာရုံတို့ ပေါင်းဆုံမှုကို အကြောင်းပြု၍ မြင်သိစိတ်ဖြစ်ပေါ်၏၊
(မူလအကြောင်း)
အလင်းရောင်၊ ယောနိသောမနသိကာရ (အထောက်အပံ့အကြောင်း)
* နား + အသံ → ကြားသိစိတ် (မူလအကြောင်း)
အာကာသ၊ ယောနိသော (အထောက်အပံ့အကြောင်း)
* နှာခေါင်း + အနံ့ → အနံ့သိစိတ် (မူလအကြောင်း)
လေ၊ ယောနိသော (အထောက်အပံ့အကြောင်း)
* လျှာ + အစားအစာအရသာ → စားသိစိတ် (မူလအကြောင်း)
ရေ၊ ယောနိသော (အထောက်အပံ့အကြောင်း)
* ကိုယ် + အတွေ့အထိ → ထိသိစိတ် (မူလအကြောင်း)
ပထဝီ၊ ယောနိသော (အထောက်အပံ့အကြောင်း)
* မနောဘဝင် + ကြံတွေးစရာ → ကြံတွေးစိတ် (မူလအကြောင်း)
ဟဒယဝတ္ထု၊ ယောနိသော (အထောက်အပံ့အကြောင်း)

ကာလသုံးပါးတို့၌ ရုပ်နာမ်တရားတို့၏ အကြောင်းအကျိုးဖြစ်ခြင်းကို
သိမြင်လျှင် ယုံမှားမှု (၁၆) မျိုးကို လွန်မြောက်နိုင်၏။

ဒုတိယနည်း

နာမ်အကြောင်းတရားတို့ကို တွေ့မြင်ခြင်း

မျက်စိနှင့် အဆင်းအာရုံရှိသောကြောင့် မြင်သိစိတ်ဖြစ်၏

နား+အသံ။ နှာခေါင်း+အနံ့။ လျှာ+စားစရာအရသာ။ ကိုယ်+အတွေ့အထိ။

မနောဘဝင်+ကြံတွေးစရာအာရုံ။

ယောနိသော မနသိကာရရှိသောကြောင့် ကုသိုလ်ဖြစ်၏။

သင့်တော်အရပ်၌နေ။ သူတော်ကောင်းနှင့်ပေါင်း။ သူတော်ကောင်းတရားကိုနာ။

ရှေးကုသိုလ်ကံရှိခြင်းကြောင့် ကုသိုလ်ဖြစ်၏။

အယောနိသော မနသိကာရရှိသောကြောင့် အကုသိုလ်ဖြစ်၏။

ရုပ်အကြောင်းတရားတို့ကို တွေ့မြင်ခြင်း

ကံ စိတ် ဥတု အာဟာရ တို့ကြောင့် ရုပ်တရားတို့ဖြစ်ကြ၏

ရှေးအတိတ်ကံကြောင့် ကမ္မဇရုပ်ဖြစ်၏

ဖြစ်ဆဲစိတ်ကြောင့် စိတ္တဇရုပ်ဖြစ်၏

ဥတုကြောင့် ဥတုဇရုပ်၊ အာဟာရကြောင့် အာဟာရဇရုပ်ဖြစ်၏။

ဤသို့မြင်တွေ့လျှင် ယုံမှားခြင်း (၁၆) ပါး ပငြိမ်း။

တတိယနည်း

ရုပ်နာမ်တရားများ၏ အိုခြင်း(ရင့်ကျက်ခြင်း)၊ သေခြင်းသည် ဇာတိ (ပဋိသန္ဓေနေခဲ့ခြင်း) ကြောင့်ဖြစ်၏

ကမ္မဘဝကြောင့် ဇာတိဖြစ်၏၊ ဥပါဒါန်ကြောင့် ကမ္မဘဝဖြစ်၊ တဏှာကြောင့် ဥပါဒါန်၊ ဝေဒနာကြောင့် တဏှာ၊ ဖဿကြောင့် ဝေဒနာ၊ သဠာယတနကြောင့် ဖဿ၊ နာမ်ရုပ်ကြောင့် သဠာယတန၊ ဝိညာဏ်ကြောင့် နာမ်ရုပ်၊ သင်္ခါရကြောင့် ဝိညာဏ်၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏၊ ပဋိလောမအားဖြင့် ရုပ်နာမ်၏ကြောင်းကျိုးကိုသိ၏

ကာလသုံးပါး၌ သိမြင်လျှင် ယုံမှားမှု (၁၆) ပါး လွန်မြောက်၏။

စတုတ္ထနည်း

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၏ စသည်ဖြင့်

အနုလောမအားဖြင့် ရုပ်နာမ်တို့၏ အကြောင်းအကျိုးတို့ကို သိမြင်၏၊

ကာလသုံးပါး၌ သိမြင်လျှင် ယုံမှားခြင်း (၁၆) ပါးကို ပယ်နိုင်ပျောက်၏။

ပဉ္စမနည်း

ကမ္မဝဋ်၊ ဝိပါကဝဋ်အားဖြင့် ရုပ်နာမ်ကြောင်းကျိုးကို တွေ့မြင်၏

ကံကြောင့် အကျိုး ဝိပါက်ဖြစ်ပေါ်၏၊

အကျိုးဝိပါက်ကို မှီ၍ ကံအသစ် ပြုလုပ်ပြန်၏၊

ကံအသစ်ကြောင့် အကျိုးဝိပါက် အသစ်ဖြစ်ပြန်၏၊

ဤနည်းဖြင့် ကံနှင့် ဝိပါက်တို့ တလှည့်စီ တပြန်စီ လည်ပြီး ဖြစ်နေသောကြောင့်

ကံကို ကမ္မဝဋ် - ဟုခေါ်၏၊

အကျိုးကို ဝိပါကဝဋ် - ဟုခေါ်၏၊

ကမ္မဝဋ်ဟူသည် အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ (၅) ပါးဖြစ်၏

ဝိပါကဝဋ်ဟူသည် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ (၅) ပါးဖြစ်၏

အကျယ်အားဖြင့် ရှုဆင်ခြင်လျှင်

ကမ္မဝဋ် (၅) ပါး၊ ဝိပါကဝဋ် (၅) ပါး တို့ကို အသီးအသီး ခွဲခြား၍

အပြည့်အစုံ တွေ့မြင်နိုင်၏

အကျဉ်းအားဖြင့် ရှုဆင်ခြင်လျှင်

အသီးသီး ခွဲခြား၍ မရှု၊

ကမ္မဝဋ်ကို အကြောင်းကံ အဖြစ်ဖြင့် တပါးတည်း ပြု၍ ရှု၏၊

ဝိပါကဝဋ်ကို အကျိုးအဖြစ်ဖြင့် တပါးတည်း ပြု၍ ရှု၏၊

## ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ခြင်း

ပဋိသန္ဓေစိတ်ဝိညာဏ်

ထိုစိတ်နှင့်ယှဉ်ဖက် ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ စသော နာမ်တရားတွေလည်းဖြစ်၏

ကာယဒသကကလာပ်၊ ဘာဝဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်စသည်၊ (၃)ခု ရုပ်ပေါင်း (၃၀) လည်းဖြစ်၏

ပဋိသန္ဓေစိတ်နောက် ပေါ်သော ဘဝင်စိတ်ကစ၍ ဖြစ်တိုင်းသော စိတ်ဝိညာဏ်ကြောင့် ထိုဘဝင်စိတ်နှင့်ယှဉ်ဖက် စေတသိက်(နာမ်) တရားလည်းဖြစ်၏

စိတ္တဇရုပ်လည်းဖြစ်၏၊ ကမ္မဇရုပ်၊ ဥတုဇ၊ အာဟာရဇရုပ်တို့လည်းဖြစ်၏

### နာမ်ရုပ်ကြောင့် သဠာယတနဖြစ်ခြင်း

အကြောင်းဖြစ်သော နာမ်တရားတွေက စေတသိက်ခန္ဓာ(၃)ပါး

အကြောင်းဖြစ်သော ရုပ်တရားတွေက ဘူတရုပ်(၄)ပါး၊ ဝတ္ထုရုပ်(၆)ပါး ဇီဝိတရုပ်၊ အာဟာရရုပ်

အကျိုးတရားသည် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန အာယတန(၆)ပါး

### နာမ် ကြောင့် ရုပ်အာယတန(၅)ပါးဖြစ်ခြင်း

ပသာဒရုပ်တွေဟာ နာမ်မရှိလျှင် မဖြစ်နိုင်၊ ဒါကြောင့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် အာယတန(၅)ပါးသည် နာမ်ကြောင့်ဖြစ်၏

### ရုပ်ကြောင့် ရုပ်အာယတန(၅)ပါးဖြစ်ခြင်း

ပသာဒရုပ်(၅)ပါးသည် မှီရာ ဓာတ်ကြီး လေးပါး မရှိလျှင် မဖြစ်နိုင်ပါ၊

ဘူတရုပ်(၄) ကြောင့် ပသာဒရုပ်ဖြစ်၏၊

ဇီဝိတရုပ်ကြောင့် 〃

အာဟာရရုပ်ကြောင့် 〃

### နာမ်ရုပ်ကြောင့် မနာယတနဖြစ်

ဟေတုစသော ကျန်နာမ်၊ သင့်ရာစသော ကျန်နာမ်တရား၊ မှီရာဝတ္ထုရုပ်တို့ကြောင့် မနာယတနဖြစ်